# ဆေးရုံကြီးများ လုံခြုံရေး၊ သန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီ တွေ့ဆုံဆွေးနွေးပွဲ

**တင်ပြဆွေးနွေးချက်များ**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှ အောက်ပါတို့ကို တိုက်တွန်း တင်ပြဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ကြပါသည် -

၁။ ပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာ (၁)ဦး လိုအပ်သည်ကို တိုက်တွန်းတင်ပြရန်၊

၂။ သားဖွားမီးယပ် အထူးကုလက်ထောက်ဆရာဝန် (၂) ဦးနှင့် ခါတ်မှန်အထူးကုဆရာဝန် (၁) ဦး လိုအပ်သည်ကို တိုက်တွန်းတင်ပြရန်၊

၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရန်လျာထားသော (၆) ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာချထားမှုအား တိုက်တွန်းတင်ပြရန်၊

၄။ နေထိုင်ရန် မသင့်တော်သော ဝန်ထမ်းအိမ်ရာအား ဖျက်သိမ်း၍ (၂)ခန်းတွဲ (၄)ထပ် အဆောက်အဦး (၂) လုံးအား ဆောက်လုပ်နိုင်ရန်အတွက် တိုက်တွန်းတင်ပြရန်၊

၅။ ပုဂ္ဂလိကလုံခြုံရေးကို ငှားရမ်းဆောင်ရွက်နိုင်ရန်အတွက် ကုသရေးဦးစီးဌာနသို့ ရန်ပုံငွေ တင်ပြတောင်းခံမှုအား တိုက်တွန်းတင်ပြရန်၊

၆။ ဓါတ်လှေခါးပြင်ဆင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေတောင်းခံမှုအား တိုက်တွန်း တင်ပြရန်၊

၇။ မီးစက်လိုအပ်ချက်အတွက် ကျွမ်းကျင်သူများနှင့်ညှိနှိုင်းတွက်ချက်၍ ဆက်လက်တင်ပြမှု နှင့် လက်ရှိတောင်းခံထားသော CT Scan အတွက် မီးစက်အမြန်ရရှိရေးအတွက် တိုက်တွန်းတင်ပြရန်၊

၈။ စည်ပင်ရေပိုမိုရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

၉။ ပြင်ပလူနာနှင့် လူနာစောင့်များအသုံးပြုရန် အများသုံးသန့်စင်ခန်းများ ဆောက်လုပ်ရန် ရန်ပုံငွေတင်ပြမှုအား တိုက်တွန်းတင်ပြရန်နှင့် ကော်မတီမှ ရပ်ကွက်မြို့ရွာ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကို သုံးသပ်ညှိနှိုင်းဆောင်ရွက်ရန်။